ဖိုးမောင်လေးဟာ အရမ်းပဲ ကစားမက်တယ်။
ကစားရင်းလည်း မုန့်စားလေ့ရှိတယ်။

ထမင်းစားတိုင်းလည်း လက်ကိုစင်အောင်
မဆေးဘူး။ လက်ဆေးရေဇလုံထဲကို တစ်ချက်
နှိုက်ဆေးပြီး စားလိုက်တာပဲ။

အဲဒီလို အမြဲလုပ်တတ်တဲ့ဖိုးမောင်လေးဟာ
ဗိုက်အရမ်းနာပြီး အိမ်သာကိုခဏခဏသွား
ရတယ်။

ဝမ်းသွားလွန်းတော့ မကစားနိုင်တော့ဘူးပေါ့။



ပျော်ရွှင်ကျန်းမာ ကိုယ်ခန္ဓာ

လက်ဆေးကြမယ်

လုပ်ငန်းစဉ်(၂)

(၁) ညစ်ပေနေသောလက်

(၂) ရေအနည်းငယ်ဖြင့် ဦးစွာရေလောင်း



(၃) ဆပ်ပြာဖြင့် ပွတ်တိုက်

(၄) လက်ချောင်းများ၊ လက်သည်းများကြား
နှံ့စပ်စွာပွတ်တိုက်

(၅) သန့်ရှင်းသောရေဖြင့်လောင်း၍
စင်အောင်ဆေးပါ။